# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 8 , 2024 Volume 76, Number 6

၈.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၂.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့သနပ်ခါးကို အချောထည်ပြုလုပ်ကာ အင်ဒိုနီးရှား၊ မလေးရှားနှင့်ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့ရန်စီစဉ်



မြန်မာ့သနပ်ခါးကို အသင့်လိမ်းရှုရတဲ့အဆင့်ထိ အချောထည်ပြုလုပ်ကာ အာဆီယံနိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ထံသို့ တင်ပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်နေတယ်လို့ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရပါတယ်။

လက်ရှိမှာ မြန်မာ့သနပ်ခါးဟာ ပြည်တွင်းဈေးကွက်၌ ရောင်းအားပုံမှန်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် အကြမ်းထည်အဖြစ် တင်ပို့၍မရသည့်အတွက် လိမ်းရှုရသည့်အဆင့်အထိ အချောထည်ထုတ်လုပ်ကာ ခရင်(မ်) ပုံစံမျိုးပြုလုပ်ပြီး အထက်ပါနိုင်ငံများသို့ တင်ပို့နိုင်မှာဖြစ်တယ်လို့ အဆိုပါအသင်းရဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။

ဒါ့အပြင် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြန်မာ့သနပ်ခါးကို ယူနက်စကို(UNESCO)အသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးကိုလည်း ပါဝင်ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။

ပြည်တွင်း၌ သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း အရာတော်၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးပြီး ခန့်မှန်းစိုက်ဧက ၃ သိန်းဝန်းကျင်ခန့်ရှိတယ်လို့ သိရပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

သနပ်ခါးပင်များမှာ ၆ နှစ်မှ ၇ နှစ်အတွင်း ဈေးကွက်သို့စတင်ဝင်ရောက်ပြီး သားတက်သနပ်ခါးခင်းများကို အပင်သက်တမ်း ၅ နှစ်မှ ၆ နှစ်အတွင်း စတင်ရောင်းချနိုင်ကာ အရည်အသွေးအကောင်းဆုံး သနပ်ခါးတစ်ပင်ရရှိရန် သက်တမ်း ၃၅ နှစ် ကြာမြင့်တယ်လို့ သိရပါတယ်။

Myanmar Future News မှ ကူးယူဖော်ပြအပ်ပါသည်။

Source: https://t.me/htwettoe

## ဈေးကွက်ကျဆင်းနေသည့် ပို့ကုန်ပဲများနှင့် နှမ်း၊ မြေပဲဈေး ပြန်မြင့်တက်လာ



ဈေးကွက်ကျဆင်းနေသည့် ပို့ကုန်ပဲများနှင့် နှမ်း၊ မြေပဲ ဈေးပြန်မြင့်တက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။

ခိုင်မာမှုမရှိသည့် ပို့ကုန်မူဝါဒ အပြောင်းအလဲသတင်းများကြောင့် ဈေးကျဆင်းနေသည့် မတ်ပဲ၊ ပဲစင်းငုံမှာ ဈေးပြန်မြင့် တက်လာသော်လည်း အသစ်ဝင် ပဲမာလိုင်းများသာ ဈေးကျဆင်းနေပြီး နှမ်းမျိုးစုံနှင့် မြေပဲဆန်မှာ တရုတ်လိုင်းအဝယ်ကောင်းလာတာကြောင့် ဈေးမြင့်တက်လာသည်။

ပဲဈေးကွက်အတွင်း အသစ်ဝင်ပဲများ စုံလင်စွာဝင်ရောက်လာတာကြောင့် ယခင်ပဲမာလိုင်းအဟောင်းဈေးများထက် ဈေးကျဆင်းနေကြောင်း၊ အဝင်များလို့ ဈေးကျဆင်းသော်လည်း ကုလားပဲအုပ်စုအနည်းငယ် ဈေးပြန်တက်လာကြောင်း၊ ခိုင်မာမှုမရှိသည့် သတင်းများကြောင့် ဈေးကျဆင်းသွားသည့် ပို့ကုန်ပဲတွေ ဒီနေ့ကစပြီး ဈေးပြန်တက်လာကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ "အသစ်ဝင်ပဲတွေ ဈေးကွက်ကို စုံစုံလင်လင်ဝင်လာပါပြီ။ အသစ်ဝင်ကုလားပဲတွေ ဈေးကျဆင်းနေတာကနေ လှောင်လက်သမားများ အဝယ်ရှိလာလို့ ဈေးပြန်မြင့်တက်လာပါတယ်။ ကုလားပဲအုပ်စုတစ်ခုလုံး အကျရပ်ပြီး ဈေးပြန်တက်လာပေမဲ့ အရင်အမြင့်ဈေးထိတော့ မရောက်သေးပါဘူး။ ပဲမာလိုင်းတွေကတော့ အဟောင်းဈေးအမြင့်ကနေ အသစ်ဝင်ရောက်လာတော့ ဈေးကျဆင်းသွားပြီး ပေါက်ဈေးအတိုင်း အရောင်းအဝယ်သွက်နေပါတယ်။ လက်ရှိမှာ ပို့ကုန်မူဝါဒ အပြောင်းအလဲ ခိုင်မာမှုမရှိတဲ့သတင်းတွေကြောင့် ပဲဈေးကွက်အပေါ် ရိုက်ခတ်မှုရှိခဲ့ပေမဲ့ လက်ရှိမှာ ပို့ကုန်ပဲတွေ ဈေးပြန်မြင့်တက်လာပါတယ်"ဟု ၎င်းကပြောသည်။

မတ် ၇ ရက်တွင် ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၈၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁,၈၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး မတ် ၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၅၁,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅,၃၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၄၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၄၁,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အသစ်ဝင်ရောက်မှု များလာတာကြောင့်လည်း ဈေးကျဆင်းနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃,၉၅,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၅၃,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၉၅,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၄၂,၀၀၀ ပေါက်ဈေးရှိပြီး တရုတ်လိုင်းအဝယ်ရှိလာတာကြောင့် မြေပဲအနီလုံးဆန် (မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၄၀၀ ဈေးမြင့် တက်လာသည်။

မတ် ၇ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဈေးမြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၁၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄,၂၀,၀၀၀ အသီးသီးပေါက်ဈေးရှိလာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အဝင်ရှိသလောက် အဝယ်သွက်နေသည့် ပဲ(၃)မျိုး

မန္တလေးကုန်စည်ဒိုင်တွင် မတ်လပထမအပတ်အတွင်း ကုလားပဲ၊ ပဲစင်းငုံနှင့်မတ်ပဲတို့မှာ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်းသိရသည်။ သဲတော၊ ဝမ်းတွင်း၊ ကူမဲ၊ စစ်ကိုင်းနှင့် မုံရွာတို့ဘက်မှ ကုလားပဲအသစ်များ ဝင်ရောက်လျက်ရှိပြီး အဝင်ရှိသလောက်အရောင်းအဝယ်ရှိခြင်း၊ ပြည်ပအထွက်မရှိသော်လည်း စက်ပိုင်နှင့်ကုန်သည်များ ကြိုက်ရောင်းကြိုက်ဝယ်ဖြင့် အရောင်းအဝယ်သွက်နေပြီး၊ ပဲစင်းငုံ(နီ)မှာလည်း ရွှေဘိုနှင့် ကျောက်ပန်းတောင်းတို့မှ ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်သွက်နေကြောင်း၊ မတ်ပဲမှာ ဈေးကွက်ဝင်ရောက်မှုမရှိသေးသော်လည်း လက်ကျန်ပဲများနှင့် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ကုလားပဲဖြူကြီး (V-2) ၅၇ ဒသမ ၂၅ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၂,၅၁,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂,၄၂,၀၀၀၊ ယခင်လတွင်ကျပ် ၃,၁၅,၀၀၀မှ ၃,၂၀,၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ကျပ် ၉၀၀၀ ထိဈေးမြင့်လာပြီး၊ ယခင်လထက်ကျပ် ၆၄,၀၀၀ မှ ၇၉,၀၀၀ ထိဈေးနိမ့်လာသည်။

ကုလားပဲဖြူကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂,၅၂,၀၀၀ မှ ၂,၅၃,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂,၄၃,၀၀၀၊ ယခင်လတွင်ကျပ် ၃,၂၀,၀၀၀ဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ကျပ် ၉၀၀၀ မှ ၁၀,၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက်ကျပ် ၆၇,၀၀၀မှ ၆၈,၀၀၀ ထိ ဈေးနိမ့်လာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၂,၄၀,၀၀၀၊ ယခင် တစ်ပတ်တွင် ကျပ် ၂,၃၅,၀၀၀၊ ယခင်လတွင် ကျပ် ၂,၈၀,၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၄၀,၀၀၀ ထိ ဈေးနိမ့်လာသည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂,၄၁,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂,၃၀,၀၀၀၊ ယခင်လတွင် ကျပ် ၂,၈၈,၀၀၀မှ ၂,၉၀,၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ကျပ် ၁၁,၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၄၇,၀၀၀ မှ ၄၉,၀၀၀ ထိ ဈေးနိမ့်လာသည်။

ပဲစင်းငုံ(နီ) ၆၀ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃,၇၈,၀၀၀ မှ ၃,၈၀,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၃,၄၉,၀၀၀မှ ၃,၅၀,၀၀၀၊ ယခင်လတွင် ကျပ် ၃,၉၀,၀၀၀မှ ၃,၉၂,၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ကျပ် ၂၉,၀၀၀ မှ ၃၀,၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၁၂,၀၀၀ ထိ ဈေးနိမ့်လာသည်။

မတ်ပဲ ၆၀ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂,၈၀,၀၀၀ မှ ၂,၈၅,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂,၇၀,၀၀၀ မှ ၂,၇၅,၀၀၀၊ ယခင်လတွင် ကျပ် ၃,၁၅,၀၀၀ မှ ၃,၂၀,၀၀၀ ထိဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၃၅,၀၀၀ ထိ ဈေးနိမ့်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြက်သွန်နီ ဈေးကွက်အခြေအနေ

မတ်လ ပထမပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် (၂၀,၀၀၀)ကျော် ဝင်ရောက်လျက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်-မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီပေါက်ဈေးနှုန်းများမှာ (၁)ပိဿာ လက်ကား(ကြီး) (၂၂၀၀-၂၀၀၀)ကျပ်၊ (လတ်) (၁၉၀၀-၁၇၀၀) ကျပ်၊ (သေး) (၁၆၀၀-၁၅၀၀)ကျပ် ပေါက်ဈေးရှိပြီး အလုံးဆိုဒ်၊ အစိုခြောက်၊ အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိနေပါသည်။ ကြက်သွန်နီလက်လီဈေးနှုန်းများမှာ (ကြီး) (၂၅၀၀- ၂၃၀၀) ကျပ်၊ (လတ်) (၂၂၀၀-၂၀၀၀)ကျပ်၊ (သေး) (၁၈၀၀-၁၆၀၀)ကျပ်ရှိပါသည်။ ကြက်သွန်ဖြူ လက်ကားဈေးမှာ (ဗမာ) (၈၅၀၀-၉၂၀၀၀)ကျပ်၊ (ရှမ်းစ) (၇၀၀၀-၈၀၀၀)ကျပ်၊ ကြူကုတ် (၆၈၀၀-၇၅၀၀) ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) (၉၀၀၀-၁၀၀၀၀)ကျပ်၊ (ရှမ်းစ) (၇၅၀၀-၈၅၀၀)ကျပ်၊ ကြူကုတ် (၇၂၀၀-၈၁၀၀) ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မုံရွာမြို့ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

မတ်လ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက် အခြေအနေမှာ နှမ်းညို၊ နှမ်းဝါ၊ နှမ်းဖြူ၊ နှမ်းနက်၊ မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူနှင့် မြေပဲဆီဆန်ဖြူဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း သိရသည်။ မတ်လ ပထမပတ်တွင် နှမ်းညိုတစ်တင်းလျှင် (၁,၀၀,၀၀၀)ကျပ်၊ နှမ်းဝါ တစ်တင်းလျှင် (၁,၀၀,၀၀၀) ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁,၁၀,၀၀၀-၁,၂၂,၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၁,၁၈,၀၀၀-၁,၃၀,၀၀၀) ကျပ်ဖြစ်ကာ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်းလျှင် (၁,၀၀,၅၀၀) ကျပ်၊ နှမ်းဝါ တစ်တင်းလျှင် (၁,၀၀,၅၀၀) ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁,၁၀,၀၀၀-၁,၂၅,၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁,၃၁,၀၀၀ ) ကျပ်ရှိ၍ ယခင်ပတ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက နှမ်းညိုနှင့်နှမ်းဝါတစ်တင်းလျှင် (၅၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၃၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၁၀၀၀) ကျပ် ကျဆင်းနေကြောင်းသိရသည်။

မတ်လ ပထမပတ်တွင် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ (၆၈၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၄၅၀-၆၅၀၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၆၃၀၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ (၇၇၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၅၀၀-၆၆၀၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၆၄၀၀) ကျပ်၊ ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်/ဆီဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း သိရသည်။ ယခု တစ်ပတ်တွင် ပဲဆီတစ်ပိဿာ (၁၃,၀၀၀-၁၃,၅၀၀)ကျပ်၊ နှမ်းဆီ တစ်ပိဿာ (၁၃,၀၀၀)ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၂၉၂၅ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၂၃၂၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၁၇၂၅ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အကန့်အသတ်မရှိ နိုင်ငံခြားငွေလွှဲခြင်းကို MCB ဘဏ်က စတင်ဝန်ဆောင်မှုပေး

အကန့်အသတ်မရှိ နိုင်ငံခြားငွေလွှဲခြင်းဝန်ဆောင်မှုကို မြန်မာနိုင်ငံသားများဘဏ် (MCB) က ဘဏ်ခွဲများအားလုံးတွင် စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် နိုင်ငံတကာ ငွေလွှဲကုမ္ပဏီများမှတဆင့် နိုင်ငံခြားငွေကို လွယ်လင့်တကူ ပေးပို့လက်ခံနိုင်မည်ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုကို MCB ဘဏ်ခွဲတိုင်းတွင် ရရှိနိုင်ပြီး ပြည်တွင်းရှိ မိဘဆွေမျိုးများထံသို့ ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၂၂၀ ကျော်မှ ငွေလွှဲပေးပို့နိုင်စေမည်ဖြစ်သည်။

MCB ဘဏ်သည် MoneyGram၊ Ria၊ Merchantrade၊ Queenbee၊ Myanmar Remit၊ Thunes နှင့် Dollar Smart ကဲ့သို့သော နိုင်ငံတကာ ငွေလွှဲကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်နေသည်။

နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို MCB ဘဏ် ၏ လူမှုမီဒီယာများမှဖြစ်စေ နီးစပ်ရာ MCB ဘဏ်ခွဲများမှဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026482

## ကမ္ဘာ့ဈေးကျသော်လည်း ပြည်တွင်းသကြားဈေး အားကောင်း

ကမ္ဘာ့သကြားဈေး ကျဆင်းနေသော်လည်း ပြည်တွင်းဈေးကွက်တွင် သကြားဈေးမှာ တစ်ပိဿာ ကျပ် ၄၂၀၀ သို့ ထပ်မံမြင့်တက်လာသည်။

ဖေဖော်ဝါရီလအစောပိုင်းတွင် တစ်ပိဿာ ၃၉၃၀ ကျပ်သာ ပေါက်ဈေးရှိခဲ့ပြီး မတ်လ ၆ ရက်တွင် တစ်ပိဿာ ကျပ် ၄၁၇၀ သို့ ခုန်တက်သွားခြင်းဖြစ်ကာ တစ်ပိဿာ ကျပ် ၂၄၀ မြင့်တက်လာခြင်းဖြစ်သည်။

သကြားစက်များ အပြည့်အဝလည်ပတ်နေသော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာခြင်းကြောင့် စက်ပိုင်လုပ်ငန်းရှင်များက ဈေးနှုန်းကိုမြှင့်တင်လာခဲ့သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးပြန်တက်လာခြင်းဖြစ်သည်ဟု ကုန်သည်များက ပြောသည်။

လက်ရှိ ကမ္ဘာ့သကြားဈေးမှာ တစ်တန် အမေရိကန်ဒေါ်လာ ၅၈၀ ဈေးရှိသည်။ ၂၀၂၃-၂၀၂၄ ကြံရာသီအတွက် ကြံတစ်တန်လျှင် ကျပ် ၁,၅၀,၀၀၀ အထိ တိုးမြှင့်ထားကြောင်း သကြားစက်များက ကြံစိုက်ပျိုးသူများကို ထပ်မံအသိပေးထားသည်။

ယမန်နှစ် စိုက်ရာသီက ကြံကြမ်းခင်းဈေးကို တစ်တန် ကျပ် ၉၀,၀၀၀ မှ ၁,၀၀,၀၀၀ အထိ သတ်မှတ်ခဲ့သည်။ သကြားဈေးမြင့်တက်နေချိန်တွင် စိုက်ပျိုးသူများ၏ သွင်းအားစုကုန်ကျစရိတ်ကို ကာမိစေရန်အတွက် ကြံနှင့်သကြားကုန်သည်များက အဝယ်ဈေးကို တိုးမြှင့်ပေးခြင်းဖြစ်သည်။

ထို့ပြင် သကြားစက်ပိုင်ရှင်များက တောင်သူများကို တစ်ဧက အထွက်နှုန်းတိုးစေရန်နှင့် စိုက်ပျိုးဧကများ တိုးချဲ့ရန် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်သကြားထုတ်လုပ်မှုမှာ တန်ချိန် ၄,၅၀,၀၀၀ ခန့်ရှိသည်။ ပြည်တွင်း သုံးစွဲမှုဖူလုံသည့်အခါ တရုတ်နှင့် ဗီယက်နမ်သို့ တင်ပို့သည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသို့သာ တင်ပို့နေကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံဆက်စပ်အသင်းမှ သိရသည်။

ကြံကို စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026488

## ရုရှားသည် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ အီဂျစ်နှင့် ထိုင်းနိုင်ငံတို့မှ ငှက်ပျောသီးများ တိုးမြှင့်တင်သွင်းရန် ရည်ရွယ်ထား

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံမှ ငှက်ပျောသီးတင်သွင်းမှုမှာ ပမာဏတန်ချိန် ၂၈,၀၀၀၊ ကိုရီးယားမှ တန်ချိန် ၄၈,၀၀၀၊ အီဂျစ်မှ ၂၉ တန်နှင့် ထိုင်းမှ ၂ တန်ဖြစ်ပြီး လာမည့်အနာဂတ်တွင် ၎င်းနိုင်ငံများမှ တိုးမြှင့်တင်သွင်းသွားရန် စီစဉ်ထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor) က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းတွင် အိန္ဒိယသည် ရုရှားနိုင်ငံသို့ ပထမအကြိမ် ငှက်ပျောသီးများတင်ပို့ခဲ့ပြီး ပမာဏသည် တန်ချိန် ၃၀၀၀ ခန့်ရှိကြောင်း၊ အိန္ဒိယဘက်က တင်ပို့မှုပမာဏ တိုးမြှင့်ရန်အဆင်သင့်ရှိသဖြင့် အနာဂတ်တွင် တင်ပို့မှုပမာဏမြှင့်တင်မည်ဖြစ်ကြောင်း၊ ငှက်ပျောသီးအပြင် သရက်သီး၊ နာနတ်သီး၊ သဘော်သီးနှင့် မာလကာသီးများကိုလည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယမှ ရုရှားနိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတင်သွင်းခြင်းအပေါ် ကန့်သတ်ချက်မရှိကြောင်း၊ အိန္ဒိယသစ်သီးဝလံများကို ရုရှားနိုင်ငံသို့ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)၏ ဥပဒေနှင့်အညီ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်(phyto-sanitary certificate)ဖြင့် တင်ပို့နိုင်ကြောင်း Rosselkhoznadzor က အတည်ပြုပြောကြားခဲ့သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း(FAO)၏အဆိုအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ငှက်ပျောသီးအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံက ဒုတိယနှင့် အင်ဒိုနီးရှားက တတိယဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ငှက်ပျောသီးများတင်သွင်းမှုမရှိခဲ့ကြောင်း Rosselkhoznadzor က ပြောကြားခဲ့သည်။

အစောပိုင်းတွင် Rosselkhoznadzor သည် အီကွေဒေါမှ ရုရှားနိုင်ငံသို့ အန္တရာယ်ရှိပိုးမွှားများပါဝင်သော ငှက်ပျောသီးများတင်ပို့မှုအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကိစ္စတွင် သတ်မှတ်စံချိန်စံညွှန်းများ ချိုးဖောက်မှုအများဆုံးကျူးလွန်ခဲ့သည့် အီကွေဒေါရှိ ငှက်ပျောသီးတင်ပို့သူ (၅) ဦးထံမှ အသိအမှတ်ပြုလက်မှတ်များ ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။

ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂ(EU)၏ သစ်သီးဝလံထုတ်ကုန်များတင်သွင်းခွင့်အား ပိတ်ဆို့အရေးယူထားသည့်အပြင် အနောက်နိုင်ငံများက ရုရှားနိုင်ငံအား ကဏ္ဍအလိုက် ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်သော သစ်သီးဝလံထုတ်ကုန်များအား အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ တိုးမြှင့်တင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပါကြောင်း သုံးသပ်ရသည်။

**Source : https://tass.ru/ekonomika/19914735**

**https://www.interfax.ru/world/944739**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## STOCK EXCHANGE (8.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1,115 | 9,143,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 1,323 | 3,841,700 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 54 | 415,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 68 | 105,250 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 3 | 7,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 225 | 393,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 833 | 1,457,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.21 | -0.28 | -0.08% | 355.49 | 355.49 | 354.18 | 3,621 | 15,364,750 | 8 | 669,992 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

### Main Board

As of 1:00 pm, 6th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

| MYANPIX | 355.21 ▼ 0.28 |
|---|---|
| Total Volume (shares) | 3,621 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,992 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR